Message Eleven

ကြယ်များ၊ သား-ယောကျ်ား၊ အဦးသီးများ၊ ရိတ်စရာစပါးနှင့် ဂျက်စပါကျောက်နှင့် အခြားအဖိုးတန်ကျောက်များ

ဖတ်ရန်ကျမ်း။ ။ဗျာဒေး၂၀။ ၂း၁။ ၁း၁-၁၁။ ၁၄း၁-၅။ ၂၁း၉-၁၁၊ ၁၈-၂၁

I. အသင်းတော်ကျဆင်းသည့် အချိန်ကာလအတွင်း သစ္စာရှိသောယုံကြည်သူများသည် ယေရှု၏အသက်ရှင်သော သက်သေခံချက်ကို သယ်ဆောင်သည့် ထွန်းလင်းသောကြယ်များ ဖြစ်ကြသည် - ဗျာ၊၁း၂၀။

A. ကောင်းကင်ဆိုင်ရာခရစ်တော်သည် ယာကုပ်ထဲမှ ပေါ်ထွန်းသော ကြယ်တစ်လုံးနှင့် အောင်မြင်သောယုံကြည်သူများထံသို့ ဆုလာဘ်အဖြစ် မိုးသောက်ကြယ် ဖြစ်သည် - စာရင်း၂၄း၁၇။ ဗျာ၂း၂၈။ ၂၂း၁၆-၁၇။

B. ခရစ်တော်၏ သစ္စာရှိသော နောက်လိုက်များသည် ထွန်းလင်းသော၊ အသက်ရှင်သောကြယ် တည်းဟူသော ခရစ်တော် နောက်သို့ လိုက်သည့် ထွန်းလင်းသော၊ အသက်ရှင်သောကြယ်များ ဖြစ်ကြသည်- မ၂း၂-၁၂။ မိကာ၊၅း၂။ ဒံ၊၁၂း၃။ ဗျာ၊၁း၂၀။

C. အသက်ရှင်သောကြယ်များသည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုနှင့် စကြဝဠာဆိုင်ရာအဖြစ် ကောင်းကင်ဆိုင်ရာဖြစ်သော၊ အသက်ရှင်သော၊ နောက်ဆုံးဖြစ်သော၊ ချက်ချင်းဖြစ်သော ခရစ်တော်၏ ရူပါရုံနောက်သို့ လိုက်ကြသည် - တ၊ ၂၆း၁၆-၁၈။

D. အသက်ရှင်သောကြယ်များသည် ဘုရားသခင်ကို ကောင်းချီးပေးသောသူများနှင့် ဘုရားသခင်၏လူများကို ကောင်းချီးပေးသောသူများဖြစ်ကြသည်၊ ဘုရားသခင်၏လူများအတွက် သခင်ဘုရားကို ချီးမွမ်းလေလေ၊ ယုံကြည်ခြင်း၌သူတို့အကြောင်းကို ကောင်းစွာပြောဆိုလေလေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာအောက်တွင် ကိုယ့်ကိုယ်ကို ပို၍ ထားရှိလေလေဖြစ်သည်။ အသင်းတော်နှင့်စပ်လျဉ်းပြီး အပေါင်းလက္ခဏာဘက်က ပြောဆိုသောသူတို့သည် ကောင်းချီးမင်္ဂလာကို လက်ခံရရှိကြသော်လည်း၊ အနုတ်လက္ခဏာဘက်က ပြောဆိုသောသူတို့သည် သူတို့ကိုယ်သူတို့ ကျိန်ခြင်းအောက်တွင် ထားရှိကြသည် - စာရင်း၂၄း၉။ ဧဝေး၃။ ဆာလံ၊၇၁း၁၄။ ၁၀၃း၁-၅။ ၁၄၂း၇။ က၊၁၂း၂-၃။ မ၊၁၂း၃၄-၃၇။

E. အသက်ရှင်သောကြယ်များသည် "ကျမ်းစာ၏ပရောဖက်စကား" ကို "မှောင်မိုက်အရပ်၌ ထွန်းလင်းသောစကားကဲ့သို့ မှတ်၍" အလေးထားကြသည်၊ ထိုသို့အားဖြင့် ခရစ်တော်သည် မိုးသောက်ကြယ်အဖြစ် သူတို့၏စိတ်နှလုံးများ၌ ပေါ်ထွန်းလာနိုင်မည် ဖြစ်သည် - ၂ပေ၊၁း၁၉။ ယော၊၆း၆၃။ ဗျာ၊၂း၂၈။

F. အသက်ရှင်သောကြယ်များသည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် သူတို့ကို အလွန်အမင်း အသက်ရှင်ခြင်းနှင့် ထွန်းလင်းခြင်း ရှိစေသည့် အရှိန်အဟုန် ခုနစ်ဆမြှင့်တင်ထားသည့် ဝိညာဉ်တော်နှင့် မွေ့လျော်ဝမ်းမြောက်ကာ၊ ပြည့်ဝနေကြသည် - ၃း၁။ ၄း၅။ ၅း၆။

G. အသက်ရှင်သောကြယ်များသည် အသင်းတော်များ၏တမန်များ ဖြစ်ကြပြီး ဝိညာဉ်တော်က အသင်းတော်များကို ပြောသောအရာကို ကြားသောနားရှိသူများ ဖြစ်ကြသည်။ သူတို့သည် ဘုရားသခင်၏တမန်အဖြစ်နှင့် ဘုရားသခင်ထံမှ သစ်လွင်လန်းဆန်းသော သတင်းစကားအဖြစ် နျူမာခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ပြီး၊ တွေ့ကြုံခံစားကြသည်၊ သို့မှသာ သူတို့သည် ယေရှု၏သက်သေခံချက်အတွက် ဘုရားသခင်၏လူတို့အထဲသို့ သစ်လွင်လန်းဆန်းသော၊ ယခုမျက်မှောက်ဖြစ်သော ခရစ်တော်ကို ဝေငှဖြန့်ဖြူးနိုင်ကြမည်ဖြစ်သည်-၁း၂၀-၂း၁။ မာလ၊၃း၇။ ၃း၁-၃။

H. အသက်ရှင်သောကြယ်များသည် "စိတ်နှလုံးပြဋ္ဌာန်းခြင်းများ၍၊" "စိတ်နှလုံးရှာဖွေခြင်းများကြသည်။" သူတို့သည် ဘုရားသခင်ကို ချစ်သူများဖြစ်ပြီး "မိမိတို့၏သွားရာလမ်းကြောင်းများ"တွင် ဘုရားသခင်၏ရန်သူကို ဆန့်ကျင်ရန် ဘုရားသခင်နှင့်အတူ တိုက်ခိုက်သည့် "ကြယ်များ"ကဲ့သို့ ဖြစ်ကြသည်၊ ထိုသို့အားဖြင့် သူတို့သည် "အရှိန်တန်ခိုးနှင့် ထွက်သွားသောနေမင်းကဲ့သို့" ဖြစ်နိုင်ကြမည်ဖြစ်သည် - သူကြီး၊ ၅း၁၅-၁၆၊၂၀၊၃၁။ ဒံ၊၁၁း၃၂။ မ၊၁၃း၄၃။ ညွှန်း၊ ဒံ၊၇း၂၅။

I. "ကြယ်ပျံများ"သည် ကောင်းကင်ဆိုင်ရာဖွင့်ပြခြင်း၏ မပြောင်းလဲသော သမ္မာတရားများ၌ ခိုင်ခံ့စွာစွဲမြဲနေခြင်းမရှိဘဲ၊ ကြယ်များကဲ့သို့ဖြစ်သော ဘုရားသခင်၏ လူများအလယ်တွင် လှည့်လည်နေသောသူများ ဖြစ်ကြသည်။ ဘုရားသခင်၏

သက်သေခံ ချက်အတွက် တည်ငြိမ်သောကြယ်များ ဖြစ်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် အသင်းတော်ကို ထိခိုက်စေသည့် လူအမျိုးအစား ခုနစ်မျိုးကို သတိပြုရမည်ဖြစ်သည်-ယုဒ ၁၂-၁၃၊၁၉။ ညွှန်း၊ ၁ကော၊၃း၁၇။

1. အမွှန်အမျိုးသားတို့သည် ဘုရားသခင်၏သန့်ရှင်းရာဌာန (ဘုရားသခင်၏ ကိန်းဝပ်နေထိုင်ရာနေရာအဖြစ် မြေကြီးပေါ်တွင် တဲတော်အဖြစ် တည်နေတော်မူသည့် လူဇာတိခံသောခရစ်တော်ကို ပုံဆောင်ခြင်း - ယော၊၁း၁၄) ရှုတ်ချခံရသောအခါ၊ ကောင်းသောမြေ (ဘုရားသခင်၏လူတို့အားပေးသော ကျေးဇူးတော်နှင့် ကိုယ်တော်၏ ကြွယ်ဝခြင်းများအားလုံးနှင့်အတူ ခရစ်တော်ကို ပုံဆောင်ခြင်း - ကော၊၁း၁၂) သည် လူဆိတ်ညံသောအခါ၊ ယုဒအမျိုးအိမ်တော် (ပုံဆောင်ချက်-အသင်းတော် - ဟေဗြဲ၃း၆) သည် ပြည်မှ နှင်ထုတ်၍ သိမ်းသွားခြင်းခံရသောခါ ပျော်ရွှင်ခြင်းရှိခဲ့သည်။ အမွှန်အမျိုးသားတို့သည် ခရစ်တော်၊ ဘုရားသခင်၏ကျေးဇူးတော်နှင့် အသင်းတော်ကို မုန်းတီးသောသူများကို ပုံဆောင်သည်-ယေဇ၊၂၅း၃။
2. မောဘအမျိုးသားတို့သည် ယုဒအမျိုးအိမ်တော်နှင့် တစ်ပါးအမျိုးသားလူမျိုးတို့ သီးခြားဖြစ်ခြင်း မရှိတော့သည်ကို မြင်တွေ့သောအခါ ပျော်ရွှင်ခဲ့သည်၊ ထို့ကြောင့် သူတို့သည် အသင်းတော်ကို လောကနှင့်ပေါင်းစည်းခြင်းအထဲသို့ ယူဆောင်ရန်နှင့် အသင်းတော်ကို လူမျိုးတို့နှင့်တူညီစေရန် အလိုဆန္ဒရှိသောသူများကို ပုံဆောင်သည် - အငယ်၊၈။ ဗျာ၊ ၂း၁၂။
3. ဧဒုံအမျိုးသားတို့သည် ယာကုပ်၏အစ်ကို ဧသော၏မျိုးဆက်များဖြစ်သည်။ ထို့ကြောင့် အစ္စရေး၏သားတို့နှင့် ဆွေမျိုးတော်သူများ ဖြစ်ကြသည် (က၊၃၆း၁)။ ဧဒုန်သည် အသစ်မွေးဖွားခြင်း မခံရသောလူဟောင်းကို ပုံဆောင်ပြီး၊ အစ္စရေးသည် အသစ်မွေးဖွားခြင်းခံရသောလူသစ်ဖြစ်သည် (ရော၊၆း၆။ ဂလ၊၆း၁၆။ ဖိ၊၃း၃)။ ဧဒုံသည် အစ္စရေးအပေါ် မုန်းတီးခြင်းနှင့် ပြည့်နေပြီး၊ လက်တုံ့ပြန်ရန်နှင့် လက်စားချေရန် စဉ်ဆက်မပြတ် ရှာဖွေနေသည် - ယေဇ၊၂၅း၁၂။
4. ဖိလိတ္တိလူတို့သည် ကောင်းသောပြည်နှင့် အလွန်နီးကပ်စွာနေထိုင်ကြပြီး၊ အစ္စရေးလူမျိုးနှင့် ရောနှောပေါင်းစည်းလျက်ပင် နေထိုင်ကြသည်။ သူတို့သည် ဘာသာရေးကိုင်းရှိုင်းသောလူများ၏ဇာတိလူကို ပုံဆောင်သည်။ "ဧဒုံအမျိုးသားများ" နှင့် "ဖိလိတ္တိလူတို့"သည် အသင်းတော်အသက်တာကို အကြီးမားဆုံး ထိခိုက်ပျက်စီးမှုကို ဖြစ်စေကြသည်- အငယ်၊၁၅။ ၁ကော၊၃း၁၂-၁၆။
5. တုရုသည် လောကဆိုင်ရာ ချမ်းသာကြွယ်ဝမှုကို ရှာဖွေကာ ဘုရားသခင်၏စိတ်ဝင်စားမှုကို ဂရုမစိုက်သောသူများ ဖြစ်ကြသည် - ယေဇ၊၂၆း၂။ ၂၈း၁၂-၁၅။ ညွှန်း၊ ၁ဘုရင်၊၇း၁၃-၁၄။
6. ဇိဒုန်သည် အစ္စရေးအိမ်တော်အတွက် စူးတတ်သောဆူးပင်၊ နာကျင်စေတတ်သောငြောင့် ဖြစ်သည်။ တုရုနှင့် ဇိဒုန်ကို အတွဲတစ်တွဲအဖြစ် မှတ်ယူနိုင်သည်၊ ယုံကြည်သူတို့သည် လောကကိုချစ်၍၊ လောက၏ကြွယ်ဝချမ်းသာကို ဂရုစိုက်မည်ဆိုလျှင် သူတို့သည် အသင်းတော်အသက်တာကို ထိခိုက်စေမည့် ဆူးများနှင့် ငြောင့်များ ဖြစ်လာပြီး၊ ဘုရားသခင်ထွန်ယက်စိုက်ပျိုးထားရာ မြေတည်းဟူသော အသင်းတော်၌ အသက်၏ကြီးထွားခြင်းကို အဟန့်အတား ဖြစ်စေမည် ဖြစ်သည် - ယေဇ၊၂၈း၂၁၂၄။ မ၊၁၃း၂၂။ ၁ကော၊၃း၉။ ညွှန်း၊ ဗျာ၊၁၈း၁၃။
7. အီဂျစ်သည် ဘုရားသခင်အပေါ် မဟုတ်ဘဲ၊ ၎င်း၏ကိုယ်ပိုင် အရင်းအမြစ်များပေါ်တွင် မှီခိုသော နိုင်ငံဖြစ်သည်။ အီဂျစ်လူတို့သည် ဘုရားသခင်ကို မှီခိုမှုကင်းသော၊ မစထောက်ပံ့မှု၌ ကြွယ်ဝရန်နှင့် အခြားသူများအတွက် မစထောက်ပံ့မှုအရင်းအမြစ်ဖြစ်လာရန် မိမိတို့၏ ဇာတိအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်းဌာ မိမိဇာတိဉာဏ်ပညာကို လေ့ကျင့်လုပ်ဆောင်သောလူများကို ကိုယ်စားပြုသည် - ယေဇ၊၂၉း၂-၉။ ညွှန်း၊ ထွ၊၄း၁-၉။

II. သား-ယောကျ်ားသည် ကိုယ်တော်၏ရန်သူကို ဆန့်ကျင်တိုက်ခိုက်ရန်နှင့် ဘုရားသခင်၏နိုင်ငံတော်ကို ကြိုဆိုရန် ခရစ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်သော အောင်မြင်သူများဖြစ်သည် - ဗျာ၊၁၂း၁-၁၁။

A. ကျွန်ုပ်တို့ သား-ယောကျ်ား ဖြစ်လာရန် နည်းလမ်းမှာ အတွင်းလူအထဲသို့ ခွန်အားခိုင်ခံ့မြဲမြံခြင်းခံရရန်၊ ခရစ်တော်၏ကြွယ်ဝခြင်းများကို တွေ့ကြုံခံစားဖို့ ခွန်အားနှင့်ပြည့်ဝရန်၊ သေစေသော နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ခြင်းဖြင့် ဘုရားသခင်၏ လက်နက်စုံကို ယူတင်ဝတ်ဆင်ခြင်းကာ ခွန်အားသန်စွမ်းခြင်း ရှိရန် ဖြစ်သည် - ဧ၊၃း၁၆၊၁၈။ ဖိး၁၀-၁၁၊၁၇-၁၈။ ဗျာ၊ ၁း၁၆။ ၁ဓ္ဍး၁၃-၁၅။

B. "သူတို့သည် သိုးသငယ်၏အသွေးအားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံချက် နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း အောင်မြင်၍၊ အသေခံသည့်တိုင်အောင် သူတို့စိတ်အသက်ကို မချစ်ကြ" - ၁း၁၁။

1. "ဘုရားသခင်၏သားတော် ယေရှု၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏" - ၁ယော၊၁း၇။
2. ကျွန်ုပ်တို့၏သက်သေခံချက် နှုတ်ကပတ်တော်သည် အခြားသူများထံသို့ ခရစ်တော်၏အောင်နိုင်ခြင်းဖြစ်သည့် ဘုရားဆိုင်ရာအကြောင်းရင်းမှန်များကို ကြွေးကြော်ခြင်းနှင့် ကြေညာခြင်း ဖြစ်သည် - ၁ကော၊၁၂း၃၁။ ၂ကော၊၄း၁၃။
3. ကျွန်ုပ်တို့၏စိတ်အသက်ကို သေသည့်တိုင်အောင် မချစ်ခြင်း ဆိုသည်မှာ ကျွန်ုပ်တို့သည် သခင်ဘုရားကိုသာ အဆုံးစွန်ချစ်ရန် ရွေးချယ်ခြင်းနှင့် မည်သည့်နည်းလမ်းဖြင့်မျှ ကျွန်ုပ်တို့၏အတ္တဖြင့် အသက်မရှင်ခြင်းကို ဆိုလိုသည် - ကော၊ ၁း၁၇၊ ၁၈၁။

C. အဘိဂဲလသည် ဆင်းရဲဒုက္ခများအလယ်တွင် ဘုရားသခင်၏နိုင်ငံတော်အတွက် တိုက်ပွဲဝင်ရန် စစ်ပွဲဆင်နွှဲနေသော ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သော အသင်းတော်ကို ပုံဆောင်သည် - မ၊၁၂း၃။ ၁ရှမွေ၊၂၅း၄၂။

1. အဘိဂဲလ၏ခင်ပွန်းဟောင်း နာဗလ (အဓိပ္ပာယ်မှာ "မိုက်မဲသောသူ") သည် ကျွန်ုပ်တို့၏လူဟောင်းမှာ ခရစ်တော်ကို စွန့်ပယ်ခြင်း၌ မည်မျှ ဆိုးညစ်လှကြောင်းကို ပြသသည်။ နာဗလသည် ဒါဝိဒ် ထွက်ပြေးတိမ်းရှောင်နေရချိန်တွင် ဒါဝိဒ်ကို အထင်အမြင်သေးကာ၊ ငြင်းပယ်၍ ဆန့်ကျင်ခဲ့သည် - အင၊၁၀-၁၁၂၅။ ညွှန်း၊ သုတ္တံ၊၁း၇။ ၁၃း၂၀။
2. ခရစ်တော်ကို စွန့်ပယ်ပြီး၊ ငြင်းပယ်ကာ၊ အထင်အမြင်သေးသော ကျွန်ုပ်တို့၏ ယိုယွင်းပျက်စီးနေသော သဘောသဘာဝသည် ကျဆုံးသွားသောအခါ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခများအလယ်တွင် ကိုယ်တော်နောက်တော်သို့ လိုက်သော၊ ဘုရားသခင်၏နိုင်ငံတော်အတွက် တိုက်ခိုက်သော ခရစ်တော်၏အဖော်အဖက် ဖြစ်လာကြသည်-၁ရှမွေ၊၂၅း၃၆-၄၂။ ဗျာ၊၁း၉။

D. ဂိဒေါင်နှင့် သူ၏လူ သုံးရာတို့သည် ကိုယ်တော်၏နိုင်ငံတော်ကို ယူဆောင်လာရန် ခရစ်တော်နှင့်အတူတကွ တိုက်ခိုက်သည့် ပေါင်းစည်းထားသော အောင်မြင်သူအုပ်စုတစ်စုကို ပုံဆောင်သည် - သူကြီး၊၆း၁-၆၊၁၁-၃၅။ ၇း၁-၈၊၁၉-၂၅။

1. သူတို့သည် ဘုရားသခင်၏စကားတော်ကို ပြည့်စုံစေရန်နှင့် ကိုယ်တော်၏ စီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်အားဖြင့် အသုံးပြုခြင်းခံရဖို့ စွန့်လွှတ်ပူဇော်ရန် အလိုဆန္ဒရှိကြသည် - အင၊၁၁-၈။ ၈း၄။
2. သူတို့က တိုက်ပွဲတွင် တိုက်ခိုက်ပြီး၊ အားထုတ်လုပ်ဆောင်ခြင်း ဖြစ်သော်လည်း၊ လူအစုအဝေးတစ်ခုလုံးက ရန်သူနောက်သို့ လိုက်၍၊ ရိတ်သိမ်းပွဲ၌ ရိတ်သိမ်းကြရခြင်းမှာ ကျွန်ုပ်တို့သည် အောင်မြင်သောအခါ၊ ကိုယ်ခန္ဓာတော် တစ်ခုလုံးသည် နိုးကြားခြင်းရှိလာကြောင်းကို ပုံဆောင်သည် - ၇း၂၂-၈း၄။ ကော၊၁၅း၂၄။ ဆာ၊၁၂၈း၅။

III. အစောပိုင်း အောင်မြင်သူများသည် ဘုရားသခင်၏လယ်ကွင်း၌ အဦးဆုံး-ရင့်မှည့်သူများ ဖြစ်ကြပြီး၊ ရိတ်သိမ်း ချိန်မတိုင်မီ အဦးသီးများအဖြစ် ဘုရားသခင်ထံသို့နှင့် သိုးသငယ်ထံသို့ ရိတ်သိမ်းခံရသည် - ဗျာ၊၁၄း၁-၅။

A. ချီဆောင်ခြင်းသည် အဓိကအားဖြင့် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် မဟုတ်ဘဲ၊ ဘုရားသခင်၏မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပျော်ရွှင်ခြင်းအတွက် မဟုတ်ဘဲ၊ ဘုရားသခင်၏အကြံအစည်တော် ပြည့်စုံခြင်းအတွက် ချီဆောင်ခြင်းခံရရန် မိမိတို့ကိုယ်ကို အသင့်ဖြစ်စေဖို့ လိုအပ်သည် - ၁း၅၊ ၇-၁၁။ ၁၄း၁၊ ၄၁။ ၁၉း၇။

B. ချီဆောင်ခြင်း၏ အဓိပ္ပာယ်မှာ သခင်ဘုရား၏မျက်မှောက်တော်အထဲသို့ ဆောင်ယူခံရခြင်း ဖြစ်သည်။ သခင်ဘုရား၏ မျက်မှောက်တော်အထဲသို့ ဆောင်ယူခြင်းခံရနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ယနေ့ ကိုယ်တော်၏မျက်မှောက်တော်၌ ရှိကြရမည်ဖြစ်ပြီး၊ ကိုယ်တော်၏ အကြံအစည်တော်အတွက် သခင်ဘုရားကို ချစ်၍ တန်ဖိုးထားသောစိတ်နှလုံးရှိခြင်းဖြင့် သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ဆက်သွယ်ခြင်း၌ နီးကပ်ခြင်းနှင့် ချစ်မြတ်နိုးခြင်းရှိရန် သင်ယူကြရမည်ဖြစ်သည် - ၂ကော၊၅း၁၀။ ၄း၆-၇။ ၁ယော၊၁း၃။

C. အောင်မြင်သောသူများကို ချီဆောင်ခြင်းသည် ရန်သူကို ချေမှုန်းခြင်းနှင့် ဘုရားသခင်ကို ကျေနပ်နှစ်သိမ့်စေခြင်းအတွက် ဖြစ်သည်။

1. ဘုရားသခင်သည် ကိုယ်တော်ံထံသို့နှင့် ကိုယ်တော်၏ပလ္လင်တော်ထံသို့ ကျွန်ုပ်တို့ ချီယူခံရခြင်းကို လိုအပ်နေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ရန်သူကို ဆန့်ကျင်တိုက်ခိုက်နိုင်မည်ဖြစ်သည် - ဗျာ၊၁၃း၅၊၇-၁၁။
2. သခင်ဘုရားသည် သူ၏ရန်သူကို ဆန့်ကျင်တိုက်ခိုက်ရန် သား-ယောက်ျားကို လိုအပ်နေသည်၊ သို့သော် ကိုယ်တော်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် ကိုယ်တော်သည် အဦးသီးသောအသီးကို ပို၍ပင် လိုအပ်နေသည် - ၁၄း၁၊ ၄၁။ ညွှန်း၊ သီချင်း၊၈း၆၊ ၁၃-၁၄။
3. အဦးသီးသောအသီးများမှာ ဘုရားသခင်၏ သီးနှံစိုက်ခင်းတွင် ရင့်ကျက်ခြင်းသို့ ရောက်သည့် အဦးဆုံးသောသူများဖြစ်ကြသည် - ကော၊၂း၁၉။ ဟေဗြဲ၊၅း၁၄-၆း၁။ ဧ၊၄း၁၃။ ဖိ၊၃း၁၅။ ညွှန်း၊ လု၂၂း၃၆။
4. အဦးသီးသောအသီးများသည် ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ကိုယ်တော်ထံသို့ သစ်လွင်လန်းဆန်းသော မွေ့လျော်ဝမ်းမြောက်ခြင်းအဖြစ် ဇီအုန်၌ရှိသော ဘုရားသခင်၏အိမ်တော်သို့ ချီဆောင်ခြင်း ခံရကြသည် - ထွ၊ ၂၃း၁၉က။ ဝတ်၊၃၃း၁၀။ ညွှန်း၊ ရော၊၈း၂၃။

D. ကျွန်ုပ်တို့ ချီဆောင်ခံရခြင်းသည် ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့လျှောက်လှမ်းခြင်း - ကျွန်ုပ်တို့၏အလယ်ဗဟိုနှင့် အရာခပ်သိမ်းအဖြစ် ကိုယ်တော်ကို ယူဆောင်ခြင်းနှင့် ကိုယ်တော်၏ဖွင့်ပြခြင်းနှင့် ဦးဆောင်ခြင်းအတိုင်း အရာအားလုံးကို ပြုလုပ်ခြင်း - အားဖြင့် ဘုရားအသက်၌ ရင့်ကျက်လာခြင်းအပေါ် မူတည်သည် - က၊၅း၂၂-၂၄။ ဟေဗြဲ၊၁၁း၅-၆။

E. ရိတ်စရာစပါးသည် အဦးသီးသောအသီးများနောက်မှ ရင့်မှည့်လာသည့် ယုံကြည်သူအများပိုင်းကို ပုံဆောင်သည်။ ရိတ်စရာစပါးသည် ကိုယ်တော်က ဖြူသောမိုးတိမ်ပေါ်တွင် ထိုင်လျက် ပြန်လည်ကြွလာသည့်အချိန် ဘေးဒဏ်ကြီးအဆုံးပိုင်းတွင် ရိတ်သိမ်းသောအရှင်ဖြစ်သည့် ခရစ်တော်အားဖြင့် ရိတ်သိမ်းခံရကြမည် ဖြစ်သည် - ဗျာ၊၁၄း၁၄-၁၆။

IV. အောင်မြင်သော ယုံကြည်သူများကို ဂျက်စပါကျောက်နှင့် အခြား အဖိုးတန်ကျောက်များဖြင့် ပုံဆောင်ထားသည် - ၂၁း၉-၁၁၊ ၁၈-၂၁။

A. ဂျက်စပါကျောက်သည် ဘုရားသခင်၏ထင်ရှားခြင်းအတွက် ယေရုရှလင်မြို့သစ်၏အလင်းအဖြစ် ဘုရားသခင်၏ ဘုန်းတော် နှင့်အတူ ထွန်းလင်းသော ဘုရားသခင်၏ ပေါ်လွင်ထင်ရှားခြင်းကို ပုံဆောင်သည် - ၄း၃။ ၂၁း၁၁၊၁၈-၁၉။

B. အခြားအဖိုးတန်ကျောက်များမှာ ဘုရားသခင်၏ထာဝရကိန်းဝပ်ရာနေရာ၏တိုက်မြစ်အတွက် ခြားနားသောပုံပန်းသွင်ပြင်များ၌ ခရစ်တော်၏လှပမှု၏ ကြွယ်ဝခြင်းများကို ပုံဆောင်သည်-အငယ်၊၁၉-၂၁။

C. တရားစီရင်သောဝိညာဉ်တော်၊ တောက်လောင်နေသောဝိညာဉ်တော်နှင့် စီးဆင်းနေသောဝိညာဉ်တော်-သခင်ဘုရားဝိညာဉ်တော်အားဖြင့် - ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခများ၊ လောင်မြိုက်သော ဖိအားများနှင့် ကားတိုင်၏ သေစေသောအလုပ်တို့မှ တစ်ဆင့် အမြတ်ရရှိသော ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်အဖြစ် ခရစ်တော်၏ကြွယ်ဝခြင်းများကို တွေ့ကြုံခံစားခြင်းအားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိကြသည် - ဟေရှာ၊၄း၄။ ၁၁း၂။ ယော၊၄း၁၄ခ။ ၂ကော၊၁း၈-၉။

D. ပုံသဏ္ဌာန်ပြောင်းလဲခြင်း ဖြစ်စဉ်မှတစ်ဆင့် ကျွန်ုပ်တို့သည် မိမိတို့၏အားနည်းခြင်းများ၌ ဝါကြွားကြကာ၊ ခရစ်တော်ယေရှု၌ ဝါကြွားကြသည်၊ သို့မှသာ ကျေးဇူးတော်အဖြစ် ခရစ်တော်၏ တန်ခိုးတော်သည် ကျွန်ုပ်တို့အပေါ်၌ တဲတော်ဖြစ်လာနိုင်မည် ဖြစ်သည် - အငယ်၊၁၂။ ၁၁း၃၀-၃၃။ ၁၂း၇-၉။ ရော၊၅း၃။ ၁ကော၊၁း၂၉-၃၁။ ဖိ၊၃း၃။

E. ကျွန်ုပ်တို့သည် အသက်ရှင်သောကျောက်တည်းဟူသော ခရစ်တော်၌ ဘုရားအသက်၌ ကြီးထွားလာခြင်းအားဖြင့် အဖိုးတန်ကျောက်များအထဲသို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ခံရသည်။ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ဖြစ်စဉ်အားဖြင့် သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အထဲသို့ ထည့်သွင်းပုံဖော်ခြင်း၊ ကျွန်ုပ်တို့နှင့်အတူ ဖွဲ့စည်းတည်ဆောက်ခြင်းခံရကာ၊ သမ္မာကျမ်းစာတစ်အုပ်လုံး၏ အဆုံးနှင့် စကြဝဠာတစ်ခုလုံး၏ သတင်းကောင်းအဖြစ် ယေရုရှလင်မြို့သစ်ဖြစ်လာရန် ချစ်တော်မူသောသူ၌ ကျွန်ုပ်တို့ကို ကျေးဇူးပြုတော်မူသည့် ကျေးဇူးတော်နှင့်အတူ ကိုယ်တော့်ကျေးဇူးတော်၏ ဘုန်းတော်ကို ချီးမွမ်းခြင်းသို့ ရောက်ရှိစေသည် - ၁ပေ၊၂း၄။ ၁ကော၊၃း၁၂က။ ဧ၊၁း၆။ ဗျာ၊၂၁း၁၈-၂၁။

© 2026 Living Stream Ministry